THE LUTHERAN WORLD FEDERATION
actalliance

FINN CHURCH AID
actalliance

## သတင်းထုတ်ပြန်ချက်

## လူသာရမ် ဖေါလ်ဖယ်ဒရေးရှင်း မြန်မာအဖွဲ့သည် ဥရောပကော်မရှင်အဖွဲ့မှ ကလေးများဘ၀ သာယာအေးချမ်းရေး အစပျိုး စီမံကိန်း၏ ထောက်ပံ့မှုဖြင့် စစ်တွေမြို့နယ်ရှိ ဒေသတွင်း ရွှေ့ပြောင်းနေထိုင်သူများ၏ ကလေးများအား ပညာရေးဆိုင်ရာ အကူအညီများကို ပံ့ပိုးပေးသွားမည် ဖြစ်သည်။

**မြန်မာ၊ ၃၀ ဇန်နဝါရီ ၂၀၁၄ -**

လူသာရမ် ဖေါလ်ဖယ်ဒရေးရှင်း မြန်မာ(LWF)သည် ဥရောပကော်မရှင်အဖွဲ့မှ ကလေးသူငယ်များ ဘ၀ ငြိမ်းချမ်းရေး အစပျိုးစီမံကိန်းဆောင်ရွက်ရန် ထောက်ပံ့ငွေရရှိထားသည့် FinnChurchAid အဖွဲ့နှင့် ပူးပေါင်း၍ စစ်တွေမြို့နယ်ရှိ ဒေသတွင်းရွှေ့ပြောင်းနေထိုင်သူ၏ ကလေးများဘ၀ဖွံ့ဖြိုးတိုးတက်ရန် အထောက်အပံ့များ ပေးအပ်သွားမည် ဖြစ်သည်။ အဆိုပါစီမံကိန်းမှ ပညာရေးကို အခြေခံသော ဆောင်ရွက်မှုများဖြစ်သည့် ကလေးပျော်နေရာ၊ ယာယီစာသင်ဆောင်များနှင့် လူထုအခြေပြု လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုးများမှ တစ်ဆင့် ကလေးများ၏ ယုံကြည်မှု၊ မျှော်လင့်ချက်များနှင့် ဘ၀သာယာ အေးချမ်းရေးတို့ကို ပြန်လည်တည်ဆောက်ပေးရန် ကူညီမည် ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ စီမံကိန်း လုပ်ရှားမှုများတွင် ကလေးများ ကိုယ်တိုင်ပါ၀င်စေလျက် ၄င်းတို့၏ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ တဖြေးဖြေး လျော့ပါးစေပြီး မိမိကိုယ်ကို တန်ဖိုးထားတတ်၍ ကိုယ်ပိုင်ယုံကြည်ချက်များ ပြန်လည်ရှင်သန် လာစေရန် ဖြစ်ပါသည်။

### "စိတ်၏ငြိမ်းချမ်းမှုသည် ငြိမ်းချမ်းရေးအတွက် ကြိုတင်ရှိထားသင့်သည့် လိုအပ်ချက်ဖြစ်သည်"

၂၀၁၂ခုနှစ် ဥရောပတိုက်ရှိ ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သည့် နိုဗယ်ဆုကို ဥရောပကော်မရှင် အဖွဲ့သည် အောင်မြင်စွာ လက်ခံရရှိခဲ့ပြီးနောက် "ကလေးသူငယ်များဘ၀ငြိမ်းချမ်းရေး ဥရောပကော်မရှင် " စီမံကိန်းကို စတင်အသက်သွင်းခဲ့ပါသည်။ ဥရောပကော်မရှင်သည် ဆုရရှိသည့် ပိုက်ဆံများအား ပဋိပက္ခ ဖြစ်ပွားဆဲဒေသများနှင့် ဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်နေသော ဒေသများရှိ ကလေးသူငယ်များ၏ဘ၀ မြင့်မားရေးအတွက် ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်ခဲ့ပါသည်။ ၂၀၁၁ခုနှစ်တွင် UNESCO အဖွဲ့၏ ခန့်မှန်းချက်အရ ကမ္ဘာပေါ်တွင် ပဋိပက္ခဖြစ်ပွားမှုဒဏ် ခံစားနေရသော

နိုင်ငံများရှိ ကလေးဦးရေ (၂၈)သန်းသည် မူလတန်းပညာ သင်ကြားခွင့် ဆုံးရှုံးလျက်ရှိပါသည်။ ထို့ကြောင့် ဆင်းရဲသော နိုင်ငံများတွင်  စာရေးတတ်ဖတ်တတ်သော ကလေး(၉၃%)ရှိသော်လည်း ဆင်းရဲပြီးပြည်တွင်း ငြိမ်းချမ်းမှုမရှိသော နိုင်ငံများတွင်မူ (၇၉%)သာရှိသည်ကို တွေ့ရပါသည်။ ဥရောပကော်မရှင်အဖွဲ့သည် အဆိုပါလိုအပ်ချက်များကို ကမ္ဘာတစ်ဝှမ်းလုံး သတိပြုမိစေရန် ထိုစီမံကိန်းကို လုပ်ဆောင်ခြင်းဖြစ်ပါသည်။

"ကလေးသူငယ်များဘဝငြိမ်းချမ်းရေး ဥရောပကော်မရှင်" စီမံကိန်းကို မြန်မာနိုင်ငံတွင် ၂၀၁၄ ဇန်နဝါရီမှ စတင်၍ ၂၀၁၄ ဒီဇင်ဘာလအထိ (၁၂)လတာ စီမံကိန်းအဖြစ်ဆောင်ရွက်မည်ဖြစ်ပါသည်။ ခန့်မှန်းစီမံကိန်း ဘဏ္ဍာငွေ ယူရို (၄၇၉ ၉၈၉)ခန့်သုံးစွဲမည် ဖြစ်ပါသည်။

အဆိုပါစီမံကိန်းဆောင်ရွက်ရာတွင် စစ်တွေမြို့၌ ပညာရေးကဏ္ဍတွင် ပါဝင်လှုပ်ရှားနေကြသော အဖွဲ့အစည်းများဖြစ်သည့် ပညာရေးဝန်ကြီးဌာန၊ ပညာရေးလုပ်ငန်းတူအဖွဲ့အစည်းများနှင့် စီမံကိန်းလုပ်ငန်းတွင် ပါဝင်ပတ်သတ်နေသည့်အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရန် စီမံကိန်း ရေးဆွဲထားပါသည်။ ထိုစီမံကိန်းတွင် လက်ရှိပညာရေးနှင့် ပတ်သတ်သော လုပ်ငန်းများနှင့် စခန်းတွင်းနှင့် စခန်းပြင်ပမှရှိသော လူမျိုးစု နှစ်ဘက်စလုံးမှ ကလေးများ၏ ပညာရေးလိုအပ်ချက်များကိုပါ အချိတ်အဆက်မိမိ မျှတစွာထည့်သွင်းစဉ်းစားသွားမည်ဖြစ်ပါသည်။ စီမံကိန်းသည် အသက် (၃)နှစ် မှ (၁၇)နှစ်အရွယ် ကလေး (၇၂၅၀)အားအကူအညီပေးရန် ဦးတည်ရည်မှန်းထားပါသည်။ စီမံကိန်းအတွက် စေတနာ့ဝန်ထမ်းများ၊ ဆရာ/ဆရာမများ၊ စခန်းအခြေပြု ဝန်ထမ်းများကို ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော စံနှုန်းများနှင့်အညီ စခန်းစီမံခန့်ခွဲရေးကော်မတီ မှတာဝန်ယူ ရွေးချယ်မည်ဖြစ်ပါသည်။ ၎င်းတို့အား ပညာရေးဌာနမှ ရေးဆွဲထားသော သင်ရိုးညွှန်းတန်းနှင့်အညီ သင်တန်းများ ပို့ချပေးသွားမည် ဖြစ်ပါသည်။ ကလေးပျော်နေရာနှင့် ယာယီစာသင်ဆောင်များ ကာလမှာ ၁၀လတာကြာမြင့်မည် ဖြစ်ပါသည်။

**ထပ်မံသိရှိလိုသည့် သတင်းအချက်အလက်ရှိလျှင်**

**FinnChurchAid (FCA)**

**စီမံချက် မန်နေဂျာ  Henrik Fosseldorf (Henrik.Fosseldorff@kirkonulkomaanapu.fi)**

**လူသာရမ် ဝေါလ်ဖယ်ဒရေးရှင်း မြန်မာ (LWF) - ရန်ကုန်ရုံး**

**အမှတ် (၄၄)၊ ပြည်လမ်း၊ ဘီရှော့ဟုမ်း၊ ဒဂုံမြို့နယ်၊**

**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့။ ၁၁၁၉၁**

**ပြန်ကြားဆက်သွယ်ရေးနှင့် ကျားမလူမှုရေးရာ အကြံပေး ။ ။ ဒေါ်ပိုင်းစန္ဒီမြင့်**

**အီးမေး ။ ။ info.lwfmm@gmail.com**